# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 23 , 2023 Volume 64, Number 16


၂၃.၃.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၇၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၇၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၅.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၂.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၈၆.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၂.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၇.၅၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၃.၄၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၅.၃၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၆၂၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကြက်သွန်နီဈေးကွက် ပြည်ပတင်ပို့မှုရှိနေ၍ ပုံမှန်ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်နေ

ကြက်သွန်နီသစ်များ ဈေးကွက်သို့ ဝင်ရောက်နေပြီဖြစ်ပြီး ပြည်ပတင်ပို့မှုရှိနေ၍ ဈေးကျဆင်းခြင်းမရှိဘဲ မတ်လ ဒုတိယပတ်ထက် တစ်ပိဿာလျှင် လက်ကားဈေး ငွေကျပ် ၁၀၀ ဝန်းကျင် ဈေးမြင့်တက်ခဲ့ပြီး ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း ကြက်သွန်နီဈေးကွက်မှ သိရသည်။

ယခုကာလတွင် ဒေသစုံမှ ကြက်သွန်နီသစ်များ ဈေးကွက်သို့ဝင်ရောက်နေပြီး တောင်သူအများစုက လှောင်ထားခြင်းမရှိဘဲ ရောင်းချနေခြင်းဖြစ်သည်ဟုဆိုသည်။ “မတ်၊ ဧပြီဆိုရင် အထွက်များလို့ ပွဲရုံနဲ့ဈေးကွက်ထဲမှာ ကြက်သွန်နီအဝင်များလာတယ်။ ဟိုအရင်နှစ်တွေမှာ ဒီလိုအချိန်ဆိုရင် တစ်ပိဿာ ၃၀၀ လောက်ထိ ရောက်ခဲ့ဖူးပေမယ့် ပြည်ပဝယ်လိုအားကြောင့် အဲဒီဈေးမျိုး ဖြစ်မလာတော့ဘူး။ အနိမ့်ဆုံးက တစ်ပိဿာ ၇၀၀ ဝန်းကျင်မှာရှိတယ်။ ဈေးအတက်အကျ သိပ်မရှိဘူး”ဟု မန္တလေးကြက်သွန်ပွဲရုံတစ်ခုကပြောသည်။

လက်ရှိကြက်သွန်နီတစ်ပိဿာပေါက်ဈေးများအရ မြစ်သားထိပ်စမှာ ငွေကျပ် ၁၈၀၀ ဝန်းကျင်၊ အကြမ်းအသေးမှာ ငွေ ကျပ် ၁၀၀၀အောက်၊ အလတ်မှာ ၁၅၀၀ ဝန်းကျင်နှင့် ဆိပ်ဖြူကြက်သွန်နီမှာ ၁၀၅၀-၁၁၀၀ ဝန်းကျင်၊ မုံရွာကြက်သွန်နီမှာ ၉၅၀-၁၁၀၀ ဝန်းကျင်ပေါက်ဈေးရှိကြောင်းသိရပြီး မတ်လဒုတိယပတ်ထက် ဈေးအနည်းငယ် မြင့်လာသည်ဟုသိရသည်။

“လှောင်လက်တွေက ခုပေါ်တဲ့ နွေစိုက်ကြက်သွန်ကို လှောင်ကြတယ်။ မိတ်စားကြက်သွန်းက တော်သလင်း သီတင်းကျွတ်မှာ စိုက်တယ်။ သူကလှောင်ရင် ကြာကြာ အထားမခံဘူး။ အဲတုန်းက ထွက်အားလျော့နည်းခဲ့ပြီး တစ်ဧကကို ကြက်သွန်နီ ပိဿာချိန် ၁၀၀၀ နဲ့ အမြင့်ဆုံးက ၂၀၀၀ လောက်ပဲထွက်တယ်။ ခုပေါ်တာက ပိဿာချိန် ၃၀၀၀ လောက်ထွက်ကြတော့ ထွက်အားလည်း ကောင်းတယ်”ဟု မြစ်သားမှ ကြက်သွန်နီပွဲစားတစ်ဦးကပြောသည်။

ပြည်ပသို့ ကြက်သွန်နီတန်ချိန် ၉၀၀၀၀ ကျော်တင်ပို့ခဲ့ရာ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှ အများဆုံးဖြစ်ပြီး တန်ချိန် ၂၀၀၀ ခန့်သည် ပင်လယ်ရေကြောင်းမှ ဖြစ်ကြောင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ထိုင်းနိုင်ငံများသို့ နယ်စပ် လမ်းကြောင်းဖြင့်လည်းကောင်း၊ စင်ကာပူ၊ ဗီယက်နမ်၊ မလေးရှားသို့ ပင်လယ် ရေကြောင်းမှလည်းကောင်း တင်ပို့ကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်တွင် လက်လီရောင်းချသူများ၏အကြိုက်မှာ ပုံမှန်အရွယ် ဖြစ်သည့် အလတ်အရွယ်အစားဖြစ်ပြီး အရွယ်ကြီးလျှင် အကြိုက်နည်းကြောင်း၊


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ကြက်သွန်နီ သဘာဝအရ အလတ်စားအရွယ်များမှာ ကြာရှည် အထားခံသဖြင့် ပြည်ပတင်ပို့သည့်ကုန်သည်များက အများဆုံး ဝယ်ယူကြကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## မန္တလေးကုန်စည်ဒိုင်၏ ကုလားပဲဈေးနှုန်း အရောင်းသွက်၍ ဈေးမြင့်လာ

မတ်လတတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် ပဲမျိုးစုံအရောင်းအဝယ်ဖြစ်လျှက်ရှိရာ ကုလားပဲမှာ စစ်ကိုင်း၊ မုံရွာ၊ တကောင်း၊ ကြာညှပ်၊ ကျောက်ဆည် ၊ ကူမဲဘက်မှအများဆုံးဝင်ရောက်နေပြီး၊ ပဲခွဲစက်များမှ ကုလားပဲခွဲခြမ်း အရောင်းသွက်၍ ဝယ်လိုအားကောင်းသောကြောင့် ဈေးမြင့်လာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

**ကုလားပဲဖြူလုံးကြီး(V-2)** ၅၆.၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၁၁၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၂၀၄၀၀၀ မှ ၂၀၅၀၀၀ ၊ ယခင်လ ကျပ် ၁၈၈၀၀၀ မှ ၁၉၀၅၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၆၀၀၀ မှ ၇၀၀၀၊ ယခင်လထက် ကျပ် ၂၀၅၀၀ မှ ၂၃၀၀၀ မြင့်တက်လာသည်။

**ကုလားပဲ (ထိုင်ဝမ်)** ၅၇.၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၀၅၀၀၀ ၊ယခင်တစ်ပတ် ကျပ် ၁၉၇၀၀၀ မှ ၁၉၈၀၀၀ ၊ယခင်လ ကျပ် ၁၈၅၀၀၀ ဖြစ်ခဲ့သည်။ ယခင် တစ်ပတ်ထက်ကျပ် ၇၀၀၀ မှ ၈၀၀၀ ၊ယခင်လ ကျပ် ၂၀၀၀၀ မြင့်တက်လာသည်။

**ကုလားပဲ(929)** ၅၆.၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၀၂၀၀၀ မှ ၂၀၈၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၀၀၀၀၀ ၊ယခင်လ ကျပ် ၁၈၈၀၀၀ မှ ၁၉၀၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၂၀၀၀ မှ ၈၀၀၀ မြင့်တက်လာပြီး၊ ယခင်လထက် ကျပ် ၁၄၀၀၀ မှ ၁၈၀၀၀ မြင့်တက်လာသည်။

**ကုလားပဲဖြူလုံးကြီး(V-7)** ၅၇.၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၀၈၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၂၀၂၀၀၀ မှ ၂၀၃၀၀၀ ၊ ယခင်လ ကျပ် ၁၉၃၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀ မှ ၆၀၀၀ ၊ ယခင်လထက် ကျပ် ၁၅၀၀၀ မြင့်တက်လာသည်။

**Source:** ရတနာပုံကုန်သွယ်မှုဇာတ်ဌာန

## မုံရွာမြို့နယ်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံဈေးနှုန်း/ဈေးကွက်အခြေအနေ

မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသော လယ်ယာထွက်ကုန်သီးနှံများထဲမှ ပဲတီစိမ်းကြီးနှင့် ပဲတီစိမ်းသေးဈေးငြိမ်ပြီး ကုလားပဲဖြူလုံးသေး၊ မတ်ပဲ၊ ကုလားပဲ 929၊ ပဲစဉ်းငုံ၊ ပဲကြီးနှင့်ကုလားပဲဖြူလုံးကြီး သီးနှံဈေးနှုန်းများ မြင့်တက်၍ CPပြောင်းဖူးစေ့ဈေးနှုန်း အနည်းငယ် ကျဆင်းသွားသည်။ ယခုတစ်ပတ်အတွင်း သီးနှံများ တစ်တင်း ပေါက်ဈေးနှုန်းများမှာ ပဲစဉ်းငုံ (၇၅၀၀၀)ကျပ်၊ မတ်ပဲ(၆၅၀၀၀)ကျပ်၊ ပဲတီစိမ်း (ကြီး) တစ်တင်းလျှင် (၄၅၀၀၀ မှ ၅၀၀၀၀)ကျပ်နှင့် ပဲတီစိမ်း(သေး) (၄၁၀၀၀-၄၂၀၀၀)ကျပ်၊ ပဲကြီး တစ်တင်းလျှင် (၈၁၀၀၀-၈၂၀၀၀)ကျပ်ပေါက်ဈေး ရှိသည်။ ယခင်တစ်ပတ်အတွင်း ကာလတူပေါက်ဈေးနှုန်းများမှာ ပဲစဉ်းငုံ တစ်တင်းလျှင် (၆၉၇၀၀) ကျပ်၊ မတ်ပဲ တစ်တင်းလျှင် (၆၁၅၀၀-၆၂၅၀၀)ကျပ်နှင့် ပဲတီစိမ်း (ကြီး) တစ်တင်းလျှင် (၄၅၀၀၀-၅၀၀၀၀)ကျပ်၊ ပဲတီစိမ်း (သေး) (၄၂၀၀၀)ကျပ်၊ ပဲကြီး တစ်တင်းလျှင် (၈၀၀၀၀ )ကျပ် ပေါက်ဈေးရှိ၍ ကာလတူအချိန်နှင့် ဈေးနှုန်းများနှိုင်းယှဉ်ပါက ပဲတီစိမ်း (ကြီး)နှင့် ပဲတီစိမ်းသေး ဈေးငြိမ်နေပြီး၊ မတ်ပဲ တစ်တင်းလျှင် (၂၅၀၀)ကျပ်၊ ပဲစဉ်းငုံ တစ်တင်း လျှင် (၅၃၀၀)ကျပ်၊ပဲကြီး တစ်တင်းလျှင် (၂၀၀၀)ကျပ် မြင့်တက်နေကြောင်းသိရသည်။

ကုလားပဲ (မျိုးစုံ)ပေါက်ဈေးနှုန်းများမှာ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် (၇၀၀၀၀) ကျပ်၊ ကုလားပဲ ဖြူလုံးသေး (၆၉၀၀၀) ကျပ်၊ 929 (၆၉၁၀၀)ကျပ် ပေါက်ဈေးရှိပြီး ယခင်ပတ်ကာလတူ ပေါက်ဈေးနှုန်းများမှာ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် (၆၈၀၀၀) ကျပ်၊ ကုလားပဲဖြူလုံးသေး (၆၇၅၀၀) ကျပ်၊ 929 (၆၆၅၀၀) ကျပ် ပေါက်ဈေးရှိ၍ ယခင်ပတ်အတွင်း ကာလတူပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ကုလားပဲဖြူလုံးသေး တစ်တင်းလျှင် (၁၅၀၀) ကျပ်နှင့် ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် (၂၀၀၀) ကျပ် ၊929 တစ်တင်းလျှင် (၂၆၀၀) ကျပ် ဈေးနှုန်းများ မြင့်တက်နေကြောင်းသိရသည်။ CPပြောင်းဖူးစေ့

တစ်တင်းလျှင် (၁၉၉၀၀)ကျပ် ပေါက်ဈေးရှိသည်။ ယခင်အပတ် ကာလတူပေါက်ဈေးနှုန်းမှာ CPပြောင်းဖူးစေ့ တစ်တင်းလျှင် (၂၀၃၀၀)ကျပ်ရှိ၍ ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက CP ပြောင်းဖူးစေ့ ဈေးအနည်းငယ်ကျဆင်းနေကြောင်းသိရပါသည်။

Source: ဖေယျာကုန်သွယ်မှုဇုန်

## သဇင်မြေကုန်သွယ်မှုဇုန်မှ ကုန်သွယ်မှုသတင်း

၂၀၂၂ ခုနှစ် မတ်လ ၁၁ ရက်မှ ၁၇ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ငါးမြစ်ချင်းအရေအတွက် ၁၃၆ ဒဿမ ၈ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ငါးမြစ်ချင်း အရေအတွက် ၅၃ ဒဿမ ၈ တန် တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ငါးမြစ်ချင်းအရေအတွက် တင်ပို့နိုင်မှုလျော့နည်းသွားကြောင်း သိရပါသည်။ ယခုအပတ် ငါးမြစ်ချင်းတင်ပို့နိုင်မှု ငွေပမာဏမှာ ၁၇၈၀၉၆ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

၂၀၂၂ ခုနှစ် မတ်လ ၁၁ ရက်မှ ၁၇ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဇီးယိုထုပ် အရေအတွက် ၂၅ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ဇီးယိုထုပ် အရေအတွက် ၅၆ တန်တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ဇီးယိုထုပ် အရေအတွက် တင်ပို့နိုင်မှုလျော့နည်းသွားကြောင်းသိရပါသည်။ ယခုအပတ် ဇီးယိုထုပ် တင်ပို့နိုင်မှု ငွေပမာဏမှာ ၆၂၅၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

**Source:** သဇင်မြေကုန်သွယ်မှုဇုန်

## ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရန် ထိုင်းနှင့်ဂျပန်စာချုပ်ချုပ်ဆို

ဂျပန်လုပ်ငန်းများအသင်း (Keidanren) နှင့် Joint Standing Committee on Commerce, Industry and Banking (JSCCIB) တို့ စီးပွားရေးနယ်ပယ်တွင် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတို့ မြှင့်တင်ရန်အတွက် ၁၆-၃-၂၀၂၃ ရက်နေ့ တွင် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။

ဂျပန်လုပ်ငန်းရှင်များက တရုတ်နိုင်ငံအတွင်းရှိ ၎င်းတို့၏ ထုတ်လုပ်မှုအခြေစိုက်များကို ထိုင်းနိုင်ငံသို့ ပြောင်းရွှေ့လာမည်ဖြစ်ပြီး အထူးသဖြင့် ဇီဝလည်ပတ်ခြင်းနှင့် အစိမ်းရောင်စီးပွားရေး (bio-circular and green – BCG) နှင့် ကာဗွန်လျှော့ချရေး ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်မည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။

ထိုင်းနိုင်ငံ စက်မှုနှင့် JSCCIB အသင်း၏ ဥက္ကဋ္ဌ ဖြစ်သူ Kriengkrai Theinnukul က နှစ်ဖက်အဖွဲ့အစည်းအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုအတွက် အခွင့်အလမ်းကောင်းများကို ပူးတွဲကော်မတီ အစည်းအဝေးများမှတဆင့် ရှာဖွေသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် စီးပွားရေး၊ ကုန်သွယ်ရေးဆိုင်ရာ သတင်းအချက်အလက်များကို ပုံမှန်ဖလှယ်သွားကြမည်ဖြစ်သည်။

၂၀၂၂ ခုနှစ်တွင် ဂျပန်နိုင်ငံမှ အကြီးတန်းအရာရှိများ ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ကြပြီး ၂၀၂၂ ခုနှစ် မေလတွင် ကျင်းပခဲ့သော Asia-Pacific Economic Cooperation အစည်းအဝေးသို့လည်း ဝန်ကြီးချုပ် Fumio Kishida ပါဝင်တက်ရောက်ခဲ့ပြီး ဂျပန်ဝန်ကြီးချုပ်၏ ၉ နှစ်အတွင်း ပထမဆုံး လာရောက်ခဲ့သော ခရီးစဉ်ဖြစ်သည်။ နှစ်ဖက်ခေါင်းဆောင်များ၏ ဆွေးနွေးချက်များအရ ထိုင်းနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား မဟာဗျူဟာကျသော မိတ်ဖက်မှုဖြစ်ပါသည်။ နယ်ပယ်များစွာတွင်လည်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရန် သဘောတူညီခဲ့သည်။

ထိုင်းနိုင်ငံစက်မှုလက်မှုအသင်း၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Saroj Chayavivathul က နှစ်ဖက်အဖွဲ့များက လုပ်ငန်းနယ်ပယ်နှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကို ရှေးရှု၍ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ အရေးပါသော အကျိုးကျေးဇူးများကို ဆွေးနွေးခဲ့ကြကြောင်း ပြောကြားသည်။

ထိုင်းဘဏ်များအသင်း၏ အထွေထွေ အတွင်းရေးမှူးဖြစ်သူ Kobsak Duangdee က BCG စီးပွားရေး၊ စွမ်းအင်စီမံခန့်ခွဲမှု၊ လျှပ်စစ်မော်တော်ကားရင်းနှီးမြှုပ်နှံမှု၊ ပို့ဆောင်ဆက်သွယ်ရေး စီမံခန့်ခွဲမှုနှင့် ထုတ်လုပ်မှုချဲ့ထွင်ခြင်းအပါအဝင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အားလုံးအကျုံးဝင်ကြောင်း ပြောကြားသည်။

နှစ်ဖက်လုံးက ထိုင်းနှင့်ဂျပန်နိုင်ငံတို့အကြား ဒီဂျစ်တယ်နည်းဖြင့် နိုင်ငံတကာကုန်သွယ်ရေးကို မည်သို့မြှင့်တင်နိုင်မည်ကိုလည်း ဆွေးနွေးခဲ့ကြသည်။ အဓိကအလေးထား ဆွေးနွေးချက်အနေဖြင့် ထိုင်းနိုင်ငံသည် ၎င်း၏ စီးပွားရေးအရယူဥ်ပြိုင်မှုကို ဒီဂျစ်တယ် စနစ်မှတဆင့်မြှင့်တင်ရန်လိုအပ်ပြီး ယင်းသည် အနာဂတ်တိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်ကြောင်း Mr. Kobsak က ပြောကြားသည်။

**Source: စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့**

**Myantrade.gov.mm**

## တရုတ်ရေချိုငါးအမျိုးမျိုး မြန်မာနိုင်ငံသို့တင်ပို့

မကြာသေးမီက စီစွမ်ဘန်နာ Xishuangbanna အကောက်ခွန်နယ်မြေရှိ လုပ်ငန်းတစ်ခုမှ မွေးမြူထားသည့် မြက်ငါးကြင်း၊ တီလားဗီးယားနှင့် ငွေငါးကြင်းများကို သီးသန့်စစ်ဆေးခြင်းမှ အောင်မြင်ခဲ့ပြီး နန်ဆန်ဆိပ်ကမ်းမှတစ်ဆင့် မြန်မာနိုင်ငံသို့ အောင်မြင်စွာ တင်ပို့နိုင်ခဲ့သည်။ စီစွမ်ဘန်နာ အကောက်ခွန်မှ ပထမဆုံးအရည်အချင်းပြည့်မီ စစ်ဆေးအောင်မြင်သော ရေမွေးမြူရေးထွက်ကုန်လုပ်ငန်းကုမ္ပဏီမှ ပုံမှန်ကုန်သွယ်နည်းဖြင့် တင်ပို့ခြင်းဖြစ်ပြီး ငါးတန်ချိန် စုစုပေါင်း ၂ ဒသမ ၇ တန် ရှိပြီး တန်ဖိုးငွေ ယွမ် ၄၇,၁၀၀ ဖိုး ရှိပါသည်။

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံမှတင်ပို့သည့် အလတ်စားငါး လိုအပ်ချက်အများအပြားရှိနေကြောင်းနှင့် မွေးမြူရေးကုမ္ပဏီမှ ယခုနှစ်တွင် မွေးမြူရေးလုပ်ငန်းအတွက် ငါးသားပေါက် တန် ၁၀၀ ကျော်တင်ပို့ရန် မျှော်မှန်းထားကြောင်း သိရသည်။

**Source:** https://www.foodindustrydirectory.com.mm

**Myantrade.gov.mm**

## ကမ္ဘာ့အကောင်းဆုံးဆန်ဆု (၅) ကြိမ်ရ ကမ္ဘောဒီးယားဆန် Phka Rumduol

ကမ္ဘောဒီးယားဆန် Phka Rumduol ဟာ ကမ္ဘာ့ဆန်ညီလာခံကပေးတဲ့ ကမ္ဘာ့အကောင်းဆုံး ဆန်ဆုကိုရတာ ၅ ကြိမ်ရှိသွားပြီ ဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ်လည်း ပူပူနွေးနွေး ဆုရထားတာပါ။ Phka Rumduol ဟာ ဆန်စေ့ရှည်သွယ်ဂျက်စမင်အမျိုးအစားဖြစ်ပြီး ကမ္ဘာ့ဆန် ဝယ်ယူစားသုံးသူတွေရဲ့ ထိပ်တန်းရွေးချယ်မှုတွေထဲက တစ်ခုဖြစ်နေတာပါ။ ဒီဆန်ဟာ ကမ္ဘောဒီးယားရဲ့ ပြည်ပတင်ပို့ရန့်မွှေးဆန်အမျိုးအစား ‘ Angkor Malys’ ဆန်အမျိုးအစားတွေထဲက တစ်ခုလည်းဖြစ်ပါတယ်။

ဒီဆန်အမျိုးအစားကို ၁၀ နှစ်ကြာ တိုးတက်ဖွံ့ဖြိုးမှုစမ်းသပ်စစ်ဆေးမှုတွေပြုလုပ်အပြီး ၁၉၉၉ ခုနှစ်မှာ တောင်သူသီးသန့် အသုံးပြုဖို့ ထုတ်ပေးခဲ့တာဖြစ်တယ်လို့ ကမ္ဘောဒီးယားစိုက်ပျိုးရေးနှင့် သုတေသနအဖွဲ့အစည်းကဆိုပါတယ်။ သူ့ရဲ့စားသုံးမှု အရည်အသွေးအနေနဲ့တော့ ထမင်းစေ့ရှည်၊ ရနံ့မွှေးပြီး ရေစုပ်ယူမှု ကောင်း(အိုးတက်)တယ်လို့ ဆိုပါတယ်။ စားသုံးသူအကြိုက် ဆန်အမျိုးအစားတစ်ခုဖြစ်ပြီး ဈေးနှုန်းအနေနဲ့တော့ ကမ္ဘောဒီးယားပြည်တွင်း ဈေးတွေမှာ ၂ ကီလိုတစ်အိတ်(၁ ပြည်ခန့်) ကို ၃ ဒေါ်လာ (မြန်မာကျပ်ငွေ ၈၅၀၀ ခန့်) ရှိတယ်လို့ သိရပါတယ်။

Phka Rumduol ဆန်အနေနဲ့ ကမ္ဘာ့အကောင်းဆုံးဆန်ဆုကို ၂၀၁၂ ကနေ ၂၀၁၄ အထိ ၃ နှစ် ဆက်တိုက်ရရှိခဲ့တာပါ။ (၂၀၁၃ နဲ့ ၂၀၁၄ တွေမှာတော့ အမေရိကန်ဆန် US Calrose နဲ့ ထိုင်းဆန် Thai Hom Mali ဆန်တို့နဲ့ ပူးတွဲဆုရခဲ့တာပါ)။ အဲ့ဒီနောက် ၂၀၁၅ ကနေ ၂၀၁၇ အထိမှာတော့ ဒုတိယအကောင်းဆုံး ဆန်အဖြစ် သုံးနှစ်ဆက်တိုက် ဆက်လက်ရပ်တည်ခဲ့ပြီး ၂၀၁၈ မှာ အကောင်းဆုံးဆုကို ပြန်ရခဲ့တာပါ။ အခု ၂၀၂၂ ခုနှစ်မှာတော့ ၅ ကြိမ်မြောက် အကောင်းဆုံးဆုကို ထပ်မံရရှိခဲ့တာ ဖြစ်ပါတယ်။

“ဒီဆန်ရဲ့ ဂုဏ်သတင်းကျော်စောမှုက ကမ္ဘောဒီးယားဆန်အရည်အသွေးကို ဆက်လက်တိုးမြှင့်စေဖို့ ကူညီပေးသွားနိုင်မှာပါ” လို့ ကမ္ဘောဒီးယားဆန်စပါးအဖွဲ့ချုပ်ဒုဥက္ကဌက ပြောထားပါတယ်။ ကမ္ဘာ့ဆန် ညီလာခံကပေးတဲ့ ကမ္ဘာ့အကောင်းဆုံးဆန်ဆုကို မြန်မာ့ဆန်အမျိုးအစား ရွှေဘိုပေါ်ဆန်းလည်း ၂၀၁၁ ခုနှစ်က ရရှိဖူးတယ်လို့ သိရပါတယ်။

**Source:** https://greenwaymyanmar.com

**Myantrade.gov.mm**

# STOCK EXCHANGE (23.3.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 22nd Mar. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,754 (Shares) | 5,581,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | -100 | -1.20% | 8,300 | 8,300 | 8,200 | 37 | 303,900 | 33,109,694 | 271,500 |
| MTSH | 00002 | 3,150 | -50 | -1.56% | 3,150 | 3,150 | 3,150 | 585 | 1,842,750 | 38,929,150 | 122,627 |
| MCB | 00003 | 7,300 | -200 | -2.67% | 7,500 | 7,500 | 7,300 | 3 | 22,100 | 10,400,986 | 75,927 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,550 | 2,028 | 3,143,400 | 29,664,613 | 45,980 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 0 | 0 | 12,823,224 | 33,982 |
| EFR | 00006 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 100 | 265,000 | 19,977,223 | 52,940 |
| AMATA | 00007 | 4,800 | -100 | -2.04% | 4,800 | 4,800 | 4,800 | 1 | 4,800 | 10,497,598 | 50,389 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 22nd Mar. 2023

**To-day's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MM |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 370.78 | -4.76 | -1.27% | 374.43 | 374.43 | 370.78 | 2,754 | 5,581,950 | 7 | 653,34 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 22nd Mar. 2023

| Trading Volume | Trading Value |
|---|---|
| 2,754 (Shares) | 5,581,950 (MMK) |

## Main Board

As of 1:00 pm, 22nd Mar. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,754 (Shares) | 5,581,950 (MMK) |

| MYANPIX | 370.78 ▼ 4.76 |
|---|---|
| Total Volume (shares) | 2,754 |
| Total Value (MMK) | 6 mil |
| Listed Company | 7 |
| Market Cap. (MMK) | 653,345 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▼ 100 |
| MTSH | 00002 | 3,150 | ▼ 50 |
| MCB | 00003 | 7,300 | ▼ 200 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 2,650 | ▲ 0 |
| AMATA | 00007 | 4,800 | ▼ 100 |